အမှတ်စဉ် - ၄

ပြည်သူ့လွှတ်တော်ရုံး



သုတေသနဌာန

# စီးပွားရေးဆိုင်ရာ

# ကိန်းဂဏန်းအချက်အလက်နှင့် ညွှန်းကိန်းများ







https://www.pyithuhluttaw.gov.mm/economic_news

**ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်**

## အကျဉ်းချုပ်

ဤစာတမ်းတိုသည် ပြည်ထောင်စုလွှတ်တော်ရုံး၊ သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနကြီး၊ သုတေသနဌာန၏ သုတေသနဝန်ဆောင်မှုများအနက်မှ ဝန်ဆောင်မှုအသစ် တစ်ခုဖြစ်ပြီး စတုတ္ထအကြိမ်မြောက် ဆက်လက်ထုတ်ဝေခြင်း ဖြစ်ပါသည်။ မက်ခရို၊ မိုက်ခရို စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို (၃) လ တစ်ကြိမ် ထုတ်ဝေသွားရန် ရည်မှန်းချက်ထားရှိသည့် အားလျော်စွာ ထုတ်ဝေလျက်ရှိပါသည်။ ဤစာတမ်းတိုသည် ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများနှင့် အချို့အချက်အလက် ရရှိမှုကာလပေါ်တွင် မူတည်၍ တင်ပြထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ အနေဖြင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိစေရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

ဤစာတမ်းတိုတွင် အကြောင်းအရာ (၁၀) ခုပါဝင်ပြီး အချို့သောအချက်အလက်များသည် နှစ်စဉ် သို့မဟုတ် သုံးလပတ်စဉ်အလိုက် ရရှိသောကြောင့်လည်းကောင်း၊ အချို့သော အကြောင်း အရာများတွင် အချက်အလက်များကို လစဉ်ရရှိသောကြောင့်လည်းကောင်း၊ ရရှိမှုအပေါ် မူတည်၍ ပြုစုတွက်ချက် ဖော်ပြထားပါသည်။ လစဉ်ရရှိသော အချက်အလက်များကို နောင်တွင် လေးလပတ် အလိုက်နှိုင်းယှဉ်ခြင်း၊ တိုးတက်မှု၊ လျော့နည်းမှုများအား ဖော်ပြခြင်းဖြင့် ဆက်လက် ထည့်သွင်း ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုစီတွင် ခေါင်းစဉ်နှင့်စပ်လျဉ်း သော သဘောတရားအနည်းငယ်ကို ဦးစွာဖော်ပြ၍ ကိန်းဂဏန်းများကို Table ၊ Bar/Pie Chart များနှင့် Line Graph များဖြင့် အကျဉ်းချုပ်ရေးသား တင်ပြထားပါသည်။ ကိန်းဂဏန်း အချက်အလက်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် နေ့စဉ်ထုတ် သတင်းစာ များမှလည်းကောင်း၊ အချို့အချက်အလက်များအား သက်ဆိုင်ရာ Website များမှလည်းကောင်း ရယူဖော်ပြထားပါကြောင်း တင်ပြအပ်ပါသည်။


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | GDP တိုးတက်မှုနှုန်း (GDP growth rate) …………………………………………………… | ၃ |
| ၂။ | နိုင်ငံခြားကုန်သွယ်မှု(Foreign Trade)………………………………………………………. | ၅ |
| ၃။ | ရင်းနှီးမြှုပ်နှံမှု(Investment)........................................................................................ | ၆ |
| ၄။ | အလုပ်အကိုင်ရရှိမှုအခြေအနေများ ........................................................................ | ၈ |
| ၅။ | စတော့ဈေးကွက်ကဏ္ဍ…………………………………………………………………. | ၉ |
| ၆။ | ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း ............................................... | ၁၁ |
| ၇။ | စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ……………………………………..… | ၁၃ |
| ၈။ | “ရွှေ’’ ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း……………………………………………. | ၁၅ |
| ၉။ | “စက်သုံးဆီ” ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း…………………………………….. | ၁၇ |
| ၁၀။ | စားသောက်ကုန်အချို့၏ ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း ................................ | ၁၉ |

## GDP တိုးတက်မှုနှုန်း (GDP growth rate)

၁။ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ၆ ရာခိုင်နှုန်း ကျော်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၂.၈၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ [1]၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ် အထိ(၁၀) နှစ်အတွင်း GDP တိုးတက်မှုနှုန်းကို အောက်ပါ Bar Graph ဖြင့် ဖော်ပြထားပါသည်-

**၁၀ နှစ်အတွင်းမြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်း**
**(၂၀၀၉ မှ ၂၀၁၉ ထိ)**





**Source: World Bank**

[1] World Bank, GDP Growth Annual % - Myanmar, https://data.worldbank.org/indicator/NY.GDP.MKTP.KD.ZG?locations=MM မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် - ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်)

၂။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင်မူ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၁.၈ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ သို့ရာတွင် အာဆီယံနိုင်ငံအားလုံး၏ GDP တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ အနည်းငယ် မြင့်မားလျက်ရှိပါသည်။ အာဆီယံနိုင်ငံများ၏ GDP တိုးတက်မှုနှုန်း နှိုင်းယှဉ်ချက်ကို အောက်ပါ Bar Chart တွင် ဖော်ပြထားပါသည်[2]-

**၂၀၂၀ ပြည့်နှစ် အာဆီယံနိုင်ငံများ၏ GDP တိုးတက်မှုနှုန်း**





**Source: Asian Development Bank (2020 September)**

[2] ADB Bank,Comparative economic forecasts၊ The latest available economic data for Myanmar compared to countries in Southeast Asia. https://www.adb.org/countries/myanmar/economy မှ ရရှိပါသည်။( ကြည့်ရှုသည့်ရက်- ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

## နိုင်ငံခြားကုန်သွယ်မှု (Foreign Trade)

၃။ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုလိုငွေမှာ ၅.၅ ဘီလီယံခန့် ရှိခဲ့ရာမှ ပို့ကုန်တန်ဖိုးတိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့မှုကြောင့်၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ၁.၄ ဘီလီယံသို့ သိသာစွာ လျော့ကျခဲ့ပါသည်။ COVID- 19 ကာလအတွင်း ကုန်သွယ်မှုကဏ္ဍတွင် ထိခိုက်မှုနည်းပါးသည်ဟု ဆိုနိုင်သော်လည်း လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထိခိုက်မှုရှိလာနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် ကုန်သွယ်မှုတိုးမြင့်ရန် အစီအမံများချမှတ်လျက်ရှိပါသည်။[3]

**ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏ**




မှတ်ချက်။ ကုန်သွယ်မှုပမာဏစုစုပေါင်း၏ ၈၀% ခန့်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရရှိပြီး ၂၀ % ကို နယ်စပ်ကုန်သွယ်မှုမှတဆင့် ရရှိပါသည်။


[3] ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းမှ ကောက်နုတ်ရရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှု (Investment)


၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလျာထားချက်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၅,၈၀၀ ဖြစ်ပြီး (အောက်တိုဘာလမှ ဇူလိုင်လအထိ) ၁၀ လတာကာလအတွင်း ခွင့်ပြုပြီးခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၅,၅၂၅.၉၇၃ အထိရှိပြီးဖြစ်၍ လျာထားချက် ပြည့်မီရန် ၂၇၄.၀၂၇ သန်းသာလိုအပ်ကြောင်း တွေ့ရှိရပါသည်။

၅။ ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် (ကျပ်သန်းပေါင်း ၁,၈၈၀,၅၆၆.၈၅၇) ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နှစ်အလိုက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏနှင့် လအလိုက် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အခြေအနေကို အောက်ဖော်ပြပါ Bar Graph များဖြင့် ဖော်ပြထားပါသည်_

### (၂၀၁၅-၂၀၂၀) ဘဏ္ဍာနှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ





**Source: DICA, Ministry of Investment and Foreign Economic Relations**



Source: DICA, Ministry of  Investment and Foreign Economic Relations

မှတ်ချက်။ COVID-19 ဖြစ်ပွားမှုအခြေအနေများကြောင့် ၂၀၁၉-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်ပြည့်မီရန် အမေရိကန်ဒေါ်လာ သန်း (၁၂၀) လိုအပ်ပါသည်။



Source: DICA, Ministry of INvestment and Foreign Economic Relations


မှတ်ချက်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၄၆၁,၉၀၁.၈၅ ဖြင့် အများဆုံးဖြစ်ခဲ့ပြီး ဒီဇင်ဘာလတွင် အနိမ့်ဆုံးသို့ထိုးကျသွားခဲ့ပြီး

ယခုအချိန်ထိ ပျမ်းမျှအားဖြင့် ကျပ်သန်းပေါင်း (၁၃၇,၂၉၆.၀၇၈) ကျဆင်းလျက်ရှိပါသည်။

## အလုပ်အကိုင်ရရှိမှုအခြေအနေများ

၆။ ကမ္ဘာ့တစ်ဝန်းတွင် COVID- 19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် စက်ရုံ/ အလုပ်ရုံများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားရသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိပြီး အလုပ်လက်မဲ့နှုန်းမြင့်မားလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဩဂုတ်လ အတွင်း မြန်မာနိုင်ငံသားများ၏ ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေများကို အောက်ပါ Line

**၂၀၂၀ ပြည့်နှစ်အတွင်း လအလိုက် ပြည်တွင်းအလုပ်အကိုင်ရရှိမှု**





**Sources: Ministry of Labour, Immigration and Population**


Graph ဖြင့် ဖော်ပြထားပါသည်-[4]

[4]Ministry of Labour, Immigration and Population, https://www.mol.gov.mm/mm/home/dol-leo-monthly/ မှ ရရှိပါသည်။ (Accessed date-6.11.2020)


**စတော့ဈေးကွက်ကဏ္ဍ**

၇။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ အောက်တိုဘာလအထိ ရန်ကုန်စတော့အိတ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီ (၆) ခု၏ လစဉ်အစုရှယ်ယာ အရောင်းအဝယ်ဖြစ်ပေါ်မှုကို အောက်ပါ Bar Chart များဖြင့် ဖော်ပြထားပါသည်-



**ပျမ်းမျှ စတော့ရှယ်ယာအညွှန်းကိန်း(MYANPIX)**





**Sources: Yangon Stock Exchange**

၈။ ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီအရေအတွက် တိုးလာသော်လည်း ကပ်ရောဂါကြောင့် ပြည်သူများ၏ စိုးရိမ်မှုမြင့်တက်ပြီး ငွေကြေးကို ဆုပ်ကိုင်ထားရာမှ စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှုမှာ တဖြည်းဖြည်း ကျဆင်းလာကာ စတော့အညွှန်းကိန်းသည်လည်း ကျဆင်းလျက်ရှိပါသည်။

## ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း

၉။ ငွေကြေးအဆင့်သတ်မှတ်ဖော်ပြချက်အရ မြန်မာကျပ်ငွေအတွက် ကုဒ်မှာ (MMK) ဖြစ်ပြီး ငွေကြေးသင်္ကေတမှာ (Kyat) ဖြစ်ပါသည်။[5] ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့အတွက် ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်-





**Source:** မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ချက်။ အထက်ဖော်ပြပါပုံအရ ဇူလိုင်လမှ အောက်တိုဘာလအထိ ငွေကြေးအားလုံးနီးပါး၏ ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများမှာ အနည်းငယ်ကျဆင်းခဲ့ပါသည်။

[5] XE Currency Charts: USD to MMK, https://www.xe.com/currencycharts/?from=USD&to=MMK&view=1W မှ ရရှိပါသည်။ (Accessed date-11.11.2020)

၁၀။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့၏ ပျမ်းမျှနိုင်ငံခြား ငွေလဲလှယ်နှုန်း ပြောင်းလဲမှုရာခိုင်နှုန်းကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်-

**ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှု ရာခိုင်နှုန်း**



| | အမေရိကန် (တစ်ဒေါ်လာ) | စင်ကာပူ (တစ်ဒေါ်လာ) | ဂျပန် (၁၀၀ ယန်း) | တရုတ် (တစ်ယွမ်) | ထိုင်း (တစ်ဘတ်) |
|---|---|---|---|---|---|
| ဇူလိုင် | -၁.၉ | -၁.၄ | -၀.၂ | -၁.၀၂ | -၂.၂ |
| ဩဂုတ် | -၁.၇ | -၀.၁ | -၀.၈ | ၀ | -၂.၃ |
| စက်တင်ဘာ | -၁.၆ | -၂.၂ | -၂ | -၀.၅၁ | -၂.၃၃ |
| အောက်တိုဘာ | -၂.၅ | -၀.၉ | -၂.၂ | -၁.၀၃ | ၀ |

[6]


**Source:** မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ချက်။ အထက်ဖော်ပြပါပုံအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှအောက်တိုဘာလအထိ ပျမ်းမျှနိုင်ငံခြား ငွေလဲလှယ်နှုန်း ပြောင်းလဲမှုရာခိုင်နှုန်းများမှာ ဆက်တိုက်ကျဆင်းခဲ့သောကြောင့် မြန်မာ ကျပ်ငွေတန်ဖိုး မြင့်တက်ခဲ့သည်ကို ဖော်ပြနေပါသည်။ သို့သော် ဩဂုတ်လတွင် တရုတ် (ယွမ်) သည်လည်းကောင်း အောက်တိုဘာလတွင် ထိုင်း(ဘတ်) သည်လည်းကောင်း ပြောင်းလဲမှုရာခိုင်နှုန်း အတက်၊ အကျ မရှိခဲ့ပါ။ (အနုတ်လက္ခဏာသည် ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းကျဆင်းခြင်းကို ရည်ညွှန်းပါသည်။)

[6] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့်ဇွန်လထုတ်များမှ ရရှိထားပါသည်။


## စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း

**တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၂၀၁၂ = ၁၀၀)**




၁၁။ စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှု အခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ် အတွင်း ဧပြီလမှ ဩဂုတ်လအထိ စားသုံးသူဈေးဆနန်းများသည် ၂၀၁၂ ခုနှစ် အလားတူ ကာလ၏ အခြေအနေနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

**တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း( အခြေခံနှစ် ၂၀၁၂ = ၁၀၀)**




**Sources: Central Statistical Organization**


၁၂။ မြန်မာတစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၂၀ ပြည့်နှစ် အတွင်း ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၂ ခုနှစ် အလားတူကာလ တို့၏ အခြေအနေနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့သော်လည်း ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ ၎င်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ စတင်၍ မြန်မာနိုင်ငံ တွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားလာမှု အစပြု၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာ ခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ဖြစ်ပါသည်။[7]

[7] Central Statistical Organization, Monthly Inflation Report (Oct, 2020), Accessed from: file:///C:/Users/Hluttaw%20User/Music/Favorites/Downloads/CPI%20&%20RI_Sept_2020%20.pdf. (Accessed date-27.10.2020)

## "ရွှေ" ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း

၁၃။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် ရွှေတစ်ကျပ်သား (၁၅ ပဲရည်၊ ၁၆ ပဲရည်) ၏ ပျမ်းမျှဈေးနှုန်း အတက်၊ အကျကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်-


**ရွှေတစ်ကျပ်သား ပျမ်းမျှဈေးနှုန်း (ကျပ်)**




Sources: အောင်သမာဓိရွှေဆိုင်

မှတ်ချက်။ အထက်ဖော်ပြပါပုံအရ ၁၅ ပဲရည်နှင့် ၁၆ ပဲရည် ရွှေတစ်ကျပ်သား၏ ပျမ်းမျှဈေးနှုန်းများမှာ ဇူလိုင်လမှ ဩဂုတ်လအထိ သိသိသာသာ မြင့်တက်ခဲ့ပြီး ကျန်လများတွင်တိုးတက်ပြောင်းလဲမှု အနည်းငယ်သာရှိခဲ့ပါသည်။

၁၄။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် ရွှေတစ်ကျပ်သား (၁၅ ပဲရည်နှင့် ၁၆ပဲရည်) ၏ ပျမ်းမျှဈေးနှုန်း ပြောင်းလဲသည့် ရာခိုင်နှုန်းများကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်-[8]




**Source: အောင်သမာဓိရွှေဆိုင်**


မှတ်ချက်။ အထက်ဖော်ပြပါပုံအရ ၁၅ ပဲရည် ရွှေတစ်ကျပ်သား၏ ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှု ရာခိုင်နှုန်းမှာ သြဂုတ်လတွင် အမြင့်ဆုံးမြင့်တက်ခဲ့ပြီး စက်တင်ဘာလတွင် သိသိသာသာ ပြန်လည်ကျဆင်းခဲ့ပါသည်။ အလားတူ ၁၆ ပဲရည် ရွှေတစ်ကျပ်သား၏ ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းမှာလည်း သြဂုတ်လတွင် တစ်ဟုန်ထိုး မြင့်တက်ခဲ့ပြီး စက်တင်ဘာလတွင် ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ (အနုတ်လက္ခဏာ သည် ပျမ်းမျှဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း ကျဆင်းခြင်းကို ရည်ညွှန်းပါသည်။)

[8] ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့်ဇွန်လထုတ် မြန်မာ့အလင်းသတင်းစာများမှ ရရှိထားပါသည်။

## “စက်သုံးဆီ” ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း

၁၅။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့၏ စက်သုံးဆီ ပျမ်းမျှဈေးနှုန်း အတက်၊ အကျများကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်-

**စက်သုံးဆီပျမ်းမျှဈေး (ကျပ်)**





**Source:** မြန်မာနိုင်ငံစက်သုံးဆီများအသင်း

မှတ်ချက်။ အထက်ဖော်ပြပါပုံအရ အောက်တိန်း 95 ၏ ပျမ်းမျှဈေးနှုန်းသည် အောက်တိုဘာလတွင် သိသိသာသာ မြင့်တက်ခဲ့ပြီး ကျန်စက်သုံးဆီ ပျမ်းမျှဈေးနှုန်းများမှာ (ဇူလိုင်လမှ အောက်တိုဘာလအထိ) အနည်းငယ်သာ အတက်၊ အကျ ရှိခဲ့ပါသည်။

၁၆။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့၏ စက်သုံးဆီ ပျမ်းမျှဈေးနှုန်းပြောင်းလဲသည့် ရာခိုင်နှုန်း အတက်၊ အကျများကို အောက်ပါ Graph ဖြင့် ဖော်ပြထားပါသည်[၉]-

**စက်သုံးဆီ ပျမ်းမျှဈေးပြောင်းလဲမှုရာခိုင်နှုန်း**




**Source:** မြန်မာနိုင်ငံစက်သုံးဆီများအသင်း

မှတ်ချက်။ အထက်ဖော်ပြပါပုံအရ အောက်တိုဘာလတွင် ဒီဇယ်၊ ပရီမီယံဒီဇယ်နှင့် အောက်တိန်း 92 တို့၏ ပျမ်းမျှဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းများမှာ သိသာစွာကျဆင်းခဲ့ပြီး စက်တင်ဘာလတွင် ဒီဇယ်နှင့် ပရီမီယံဒီဇယ်တို့၏ ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းများမှာ အနည်းငယ်သာ ကျဆင်းခဲ့ပါသည်။ သို့သော် ဇူလိုင်လမှ အောက်တိုဘာလအထိ အောက်တိန်း 95 ၏ ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းမှာ ကျဆင်းခြင်းမရှိခဲ့ပါ။ (အနုတ်လက္ခဏာသည် ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်း ကျဆင်းခြင်းကို ရည်ညွှန်းပါသည်။)

[၉] ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့်ဇွန်လထုတ် မြန်မာ့အလင်းသတင်းစာများမှ ရရှိထားပါသည်။

## စားသောက်ကုန်အချို့၏ ပျမ်းမျှဈေးနှုန်းနှင့်ပြောင်းလဲမှုရာခိုင်နှုန်း

၁၇။ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်နှင့် ညွှန်းကိန်းများ၊ အမှတ်စဉ် - ၂ တွင် ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၁၉) မျိုးနှင့် အမှတ်စဉ် - ၃ တွင် ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၂၁) မျိုးတို့ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ အမှတ်စဉ် - ၄ တွင် ဇူလိုင်လမှ အောက်တိုဘာလအထိ ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၁၉) မျိုးကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | အမျိုးအမည် | ပျမ်းမျှဈေးနှုန်း (ကျပ်) | | | | ပျမ်းမျှဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| ၁။ | ဆန် (ဧည့်မထအလတ်စား) | ၁၂၀၀ | ၁၂၀၀ | ၁၂၃၃ | ၁၃၀၀ | -၇ | ၀ | ၃ | ၅ |
| ၂။ | ဆန် (ပေါ်ဆန်းမွှေးအလတ်စား) | ၂၀၉၀ | ၂၂၀၀ | ၂၂၈၆ | ၂၂၀၀ | -၉ | ၅ | ၄ | -၄ |
| ၃။ | မြေပဲဆီ(ရှယ်) | ၇၄၆၂ | ၇၄၀၀ | ၇၄၈၂ | ၇၅၀၀ | -၁ | -၁ | ၁ | ၀.၂၄ |
| ၄။ | စားအုန်းဆီ | ၁၈၁၂ | ၁၈၉၈ | ၂၁၅၀ | ၂၂၀၀ | ၁ | ၅ | ၁၃ | ၂ |
| ၅။ | ပဲနီလေး | ၅၈၃၃ | ၅၁၅၀ | ၈၉၇၇ | ၈၄၀၀ | -၇ | -၁၂ | ၇၄ | -၆ |
| ၆။ | ကြက်သား (CP အကောင်လိုက်) | ၆၅၇၁ | ၅၄၃၂ | ၅၄၃၂ | ၄၆၇၅ | -၁၂ | -၁၇ | ၀ | -၁၄ |
| ၇။ | ဝက်သား(ပေါင်သား) | ၁၁၈၁၀ | ၁၀၃၀၀ | ၁၀၉၀၉ | ၁၀၇၅၀ | -၂ | -၁၃ | ၆ | -၁ |
| ၈။ | ငါးခူ(ရေချို/အလတ်စား) | ၁၆၉၀၅ | ၁၀၇၀၀ | ၁၄၂၇၃ | ၁၅၅၅၀ | ၁၃ | -၃၇ | ၃၃ | ၉ |
| ၉။ | ငါးကျည်း(အလတ်စား) | ၁၆၂၃၈ | ၁၇၀၅၀ | ၁၅၀၄၅ | ၁၆၉၀၀ | ၂၅ | ၅ | -၁၂ | ၁၂ |
| ၁၀။ | ငါးသလောက် (အကောင်/အလတ်စား) | ၁၇၈၀၉ | ၁၈၈၀၀ | ၁၆၄၀၉ | ၁၆၄၀၀ | ၈ | ၆ | -၁၃ | -၀.၀၅ |
| ၁၁။ | ငါးကြင်း (အကောင်/အလတ်စား) | ၇၉၀၅ | ၇၈၂၅ | ၈၄၃၂ | ၉၉၅၀ | -၂ | -၁ | ၈ | ၁၈ |
| ၁၂။ | ငါးမြစ်ချင်း (အကောင်/အလတ်စား) | ၅၀၀၀ | ၄၉၅၀ | ၅၁၈၂ | ၆၀၀၀ | ၀ | -၁ | ၅ | ၁၆ |

| စဉ် | အမျိုးအမည် | ပျမ်းမျှဈေးနှုန်း (ကျပ်) | | | | ပျမ်းမျှဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| ၁၃။ | ဆိတ်သား | ၂၈၀၀၀ | ၂၈၀၀၀ | ၂၇၈၁၈ | ၂၇၀၀၀ | ၁ | ၀ | -၁ | -၃ |
| ၁၄။ | ပုစွန်ထုပ်(အလတ်စား) | ၁၇၂၈၅ | ၁၇၅၀၀ | ၁၆၇၀၅ | ၁၈၂၂၅ | -၀.၁၁ | ၁ | -၅ | ၉ |
| ၁၅။ | ပုစွန်ခြောက် | ၁၀၇၁၄ | ၉၈၇၅ | ၁၀၅၉၁ | ၁၀၈၀၀ | -၄ | -၈ | ၇ | ၂ |
| ၁၆။ | ငရုတ်သီးခြောက်(အပု) | ၁၂၀၀၀ | ၁၂၉၅၀ | ၁၄၈၆၄ | ၁၅၄၅၀ | -၁ | ၈ | ၁၅ | ၄ |
| ၁၇။ | ကြက်သွန်နီ<br>(မြစ်သား/အလုံးကြီး) | ၁၀၀၀ | ၉၂၀ | ၁၀၈၂ | ၁၄၉၀ | ၀ | -၈ | ၁၈ | ၃၈ |
| ၁၈။ | အာလူး(အလုံးကြီး) | ၁၀၀၀ | ၁၁၇၅ | ၁၄၀၅ | ၁၅၈၀ | ၀ | ၁၈ | ၂၀ | ၁၂ |
| ၁၉။ | ကုလားပဲခြမ်း | ၂၅၀၀ | ၂၅၀၀ | ၂၈၄၁ | ၃၀၀၀ | -၂ | ၀ | ၁၄ | ၆ |

**Source: ဗဟိုစာရင်းအင်းအဖွဲ့**

မှတ်ချက်။ အထက်ဖော်ပြပါဇယားတွင် အနုတ်လက္ခဏာသည် ဈေးနှုန်းကျဆင်းခြင်းကို ရည်ညွှန်းပါသည်။[10]

[10] Ministry of Planning, Finance and Industry, Accessed from: https://www.mopfi.gov.mm/my/page/planning/central-statistical-organization-cso/967. (Accessed date-10.11.2020)

**ဤစာတမ်းတိုအား ဒေါ်သီတာဖြူ (လ/ထညွှန်ကြားရေးမှူး)နှင့် ဒေါ်အေးမြဆွေ (ဦးစီးအရာရှိ) တို့က ကြီးကြပ်၍ ဒေါ်ခင်မေသန်း (ဒု-ဦးစီးမှူး)၊ ဒေါ်ကြည်ဦး (ဒု-ဦးစီးမှူး)နှင့် ဒေါ်သန္တာဦး (အကြီးတန်းစာရေး) တို့မှ တာဝန်ယူရေးသားကာ သုတေသနဌာနမှအရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းတည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် သို့မဟုတ် သုတေသနဌာနအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၅၉၃၊ ၀၆၇- ၅၉၁၂၈၄၊ ၀၆၇- ၅၉၁၂၈၅

Research Dept; Email – pyithuhluttawresearch@gmail.com